# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၂၀)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၇ ခုနှစ်၊ နတ်တော်လဆန်း ၆ ရက်
## (၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်)
## (ကြာသပတေးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ကို နေ့လယ် ၁၃း၃၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဒေါ်နန့်အေးအေးကြည်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၃း၃၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များရှင်။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ (၂၀)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ကြွရောက်လာပါပြီရှင်။

[ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌသည် ဒုတိယဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ကြွရောက်နေရာယူပါသည်။]

**ဒုတိယဥက္ကဋ္ဌ** ။ ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး၏** ။ ။ အားလုံးထိုင်နိုင်ကြပါပြီရှင်။

**မူကြမ်း**

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ သုမင်္ဂလာအပေါင်း နှင့်ပြည့်စုံတော်မူကြပါစေခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ် မြောက်ပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၁၇ ဦးရှိတဲ့အနက် ၃၆၀ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၆.၃၃ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့မှာ ခွင့်ပန်ကြားတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များစာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးက တင်ပြပါ့မယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) မုံရွာမဲဆန္ဒနယ်မှ ဦးခင်မောင်ဦး ခွင့် ၂ ရက်၊

(၂) ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာအောင်သန်း ခွင့် ၂ ရက်၊

(၃) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး ခွင့် ၂ ရက်၊

(၄) မာန်အောင် မဲဆန္ဒနယ်မှ ဦးအောင်စိန် ခွင့် ၁ ရက်၊

**မူကြမ်း**

(၅) ဗိုလ်တထောင်မဲဆန္ဒနယ်မှ ဦးစိန်မြင့် ခွင့် ၂ ရက်၊

(၆) တိုက်ကြီးမဲဆန္ဒနယ်မှ ဦးဟန်စိန် ခွင့် ၂ရက်၊

(၇) စမ်းချောင်းမဲဆန္ဒနယ်မှ ဦးစိုးဝင်း ခွင့် ၂ ရက်၊

(၈) မက်မန်းမဲဆန္ဒနယ်မှ ဦးအိုက်ယွန်းမွန်းခွင့် ၁၅ ရက်၊

(၉) အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဒေါ်ဒွဲဘူ ခွင့် ၂ ရက်၊

(၁၀) သဲကုန်းမဲဆန္ဒနယ်မှ ဦးစိုးအောင် ခွင့် ၁ ရက်၊

(၁၁) ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ဦးနိုင်ငံလင်း ခွင့် ၁ ရက်၊

(၁၂) ထန်းတပင်မဲဆန္ဒနယ်မှ ဦးသိန်းရီ ခွင့် ၁ ရက်နှင့်

(၁၃) ဟိုပန်မဲဆန္ဒနယ်မှ ဦးကျင်ဝမ်း ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၁၇ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၄၄ဦး၊ ယနေ့ခွင့်ပြုထားသူ ၁၃ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၅၇ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ကိုရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**မူကြမ်း**

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ် ၅ ကို ဆောင်ရွက်မှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**လွိုင်ကော်မြို့တွင် တိုးချဲ့တည်ဆောက်နေသော လေယာဉ်ကွင်း ပြေးလမ်းတည်ဆောက်မှုနှင့် စပ်လျဉ်းပြီး လေယာဉ်ပြေးလမ်းနှင့် မလွတ်သော ရပ်ကွက်၊ ကျေးရွာ၊ ဘာသာ၊ သာသနာကျောင်းများ ဆုံးရှုံးနစ်နာမှု များအား မည်ကဲ့သို့ ဆောင်ရွက်ပေးမည်နည်း၊ ဆက်လက်တိုးချဲ့ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ။** ။ ပထမဦးစွာ လွိုင်ကော်မဲဆန္ဒနယ်မှ ဦးခင်မောင်ညို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်ညို(လွိုင်ကော်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ လွိုင်ကော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ညို ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်မှာ တည်ဆောက်နေတဲ့ လေယာဉ်ပြေးလမ်းနဲ့ပတ်သက်ပြီးတော့မှ မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကယားပြည်နယ်၊ လွိုင်ကော်မြို့ဟာ ယခင်ကတည်းကပဲ လေယာဉ်ကွင်းများ၊ အဆောက်အဦများ တည်ရှိပြီးလည်း ဖြစ်ပါတယ်။ လေယာဉ်များဟာလည်း အမြဲလိုလို ယနေ့တိုင် ပြေးဆွဲလျက်ရှိခဲ့ပါတယ်။ ယခုတိုးချဲ့လေယာဉ်ပြေးလမ်း ထပ်မံတည်ဆောက်လျက်ရှိရာမှာ တိုးချဲ့မယ့်လေယာဉ်ကွင်းဟာ မည်သည့်ရပ်ကွက်၊ မည်သည့်ကျေးရွာမျှ ထိခိုက်နစ်နာမှုမရှိဘဲ နဂိုမူလကတည်းကပင် ကြိုတင်သတ်မှတ်ယူထားတဲ့အတွက် ဖြစ်ပါတယ်။ ယခုတိုးချဲ့ဦးမယ့်အစီအစဉ်အရ ရပ်ကွက်နှင့် ကျေးရွာများမှ လူနေအဆောက်အဦများ၊ သာသနာရေးအဆောက်အဦများ၊ ဘာသာရေးအဆောက်အဦများပါမယ်လို့ ကျွန်တော်တို့ ရပ်ကွက်အုပ်ချုပ်ရေးမှူးမှတစ်ဆင့် ရပ်ကွက်လုပ်သားပြည်သူ မိဘပြည်သူများကို ဒါတစ်ဆင့် အမိန့်ကြော်ငြာစာ ထုတ်တဲ့အတွက် ရပ်ကွက်မှာနေထိုင်ကြတဲ့ မိဘပြည်သူများအားလုံးဟာ ကျီးလန့်စာစားဖြစ်ပြီး

တော့မှ မစားနိုင်၊ မသောက်နိုင် စိတ်ဆင်းရဲ၊ စိတ်ပူပန်မှုများနှင့် ကြုံတွေ့နေရတာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ လေယာဉ်ပြေးလမ်း ထပ်မံတိုးချဲ့ဦးမယ့် မလွတ်သောရပ်ကွက်၊ ကျေးရွာများမှ မိဘပြည်သူများကို မည်ကဲ့သို့ ညှိနှိုင်းဆောင်ရွက်ထားသည်။ မည်ကဲ့သို့ ဆောင်ရွက်လျက်ရှိသည်နှင့် မိဘပြည်သူများ ဆုံးရှုံးနစ်နာသော မြေ၊ အိမ်ရာ၊ သာသနာ၊ အဆောက်အဦများကို မည်ကဲ့သို့ ကုစားပေးမည်နည်း။ ယခုတိုးချဲ့ဦးမည့် လေယာဉ်ပြေးလမ်းအား ဆက်လက်ဆောင်ရွက်သွားမည်။ သို့မဟုတ် တိုးချဲ့သင့်သလောက် အထိအခိုက်မရှိ ဆက်လက်ထားရှိမည် စသည့်အစီအစဉ်များကို သိရှိလိုပါ၍ ကယားပြည်နယ် လွိုင်ကော်မြို့နယ်သူများရဲ့ကိုယ်စား ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဇင်ယော်(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကယားပြည်နယ်၊ လွိုင်ကော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ညို ရဲ့ မေးခွန်းကို ကျွန်တော် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်ယော်မှ ပြန်လည်ဖြေကြားမှာဖြစ်ပါတယ်။ လွိုင်ကော်လေဆိပ်အား မူလလေယာဉ်ပြေးလမ်းမှာ အလျား ၅၂၀၀ ပေ၊ အကျယ် ၇၅ ပေရှိပါတယ်။ လေယဉ်ပြေးလမ်းမှာ လေယာဉ်များဘေးအန္တရာယ်ကင်းရှင်းစွာ ဆင်းသက်အသုံးပြုနိုင်ရန်အတွက် လေယာဉ်ပြေးလမ်း၏ မြောက်ဘက်ကို အလျား ၁၈၀၀ ပေ၊ အကျယ် ၁၀၀ ပေ တိုးချဲ့ခြင်းလုပ်ငန်းကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှ စတင်ပြီး ဆောင်ရွက်လျက်ရှိတဲ့အခါမှာ ယခု ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အထိ အလျား ၁၄၀၀ ပေ တိုးချဲ့ဆောင်ရွက်ပြီးစီးပြီဖြစ်ပါတယ်။ တိုးချဲ့ရန် ကျန်ရှိနေတဲ့ အလျား ၄၀၀ ပေကို လာမည့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပြီး တိုးချဲ့ပြီးတဲ့အခါမှာ လေယာဉ်ပြေးလမ်း အလျား ၇၀၀၀ ပေ၊ အကျယ် ၇၅ ပေ ရရှိမှာဖြစ်ပါတယ်။ လွိုင်ကော်လေယာဉ်ပြေးလမ်းကို လက်ရှိရည်မှန်းထားတဲ့အတိုင်း အလျား ၁၈၀၀ ပေကိုသာ တိုးချဲ့တဲ့လုပ်ငန်းကို ပို့ဆောင်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ လွိုင်ကော်လေဆိပ်ပိုင် မြေဧရိယာအတွင်းမှာ

ဆောင်ရွက်နေခြင်းပဲဖြစ်ပါတယ်။ လေယာဉ်ကွင်းကို ပေ ၇၀၀၀ အထိသာတိုးချဲ့မှာဖြစ်ပြီး ဆက်လက်တိုးချဲ့မည့် အစီအစဉ်မရှိပါသဖြင့် မြေသိမ်းဆည်းမှုများ၊ နစ်နာဆုံးရှုံးမှုများနဲ့ ကျန်သည့် အစီအစဉ်များ ပေါ်ပေါက်လာနိုင်မည်မဟုတ်ကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**လားရှိုးမြို့မှ သိန္နီမြို့အထိ အာဆီယံဟိုက်ဝေးလမ်း AH 14 လမ်းကို ဖောက်လုပ်ချဲ့နေဆဲဖြစ်ရာ လမ်းဖောက်ချဲ့မည်ဆိုပါက အစီအစဉ်များအားလုံး ပြည်သူများအား အသေးစိတ်ချပြ ဆွေးနွေးညှိနှိုင်းမှုများရှိ/မရှိ၊ ပျက်စီးဆုံးရှုံးသွားသော ပြည်သူများ၏ ပိုင်ဆိုင်မှုများအားလုံး ထိုက်တန်သော လျော်ကြေးငွေများ ပေးလျော်ရန် အစီအစဉ်ရှိ/မရှိနှင့် လျော်ကြေးငွေများပေးပါက မည်ကဲ့သို့ ပမာဏအတိုင်းအတာအထိ ပေးလျော်မည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဝင်းခိုင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းဝင်းခိုင်(သိန္နီမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး ကျန်းမာချမ်းသာပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ သိန္နီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝင်းခိုင် ဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့မှ သိန္နီမြို့အထိ အာဆီယံဟိုက်ဝေးလမ်း AH 14 လမ်းကို တိုးချဲ့ဖောက်လုပ်နေဆဲဖြစ်ပါတယ်။ ကွတ်ခိုင်-မူဆယ်မြို့အထိ တိုးချဲ့ဖောက်လုပ်မည်ဟုလည်း ကြားသိနေရပါတယ်။ ထိုလမ်းကို တိုးချဲ့ဖောက်လုပ်နေသဖြင့် လမ်းနားဘေးတွင် နေထိုင်ကြတဲ့ ပြည်သူများရဲ့ တိုက်တာ၊ အိုးအိမ်များ၊ အဆောက်အအုံများ၊ ခြံစည်းရိုးများ၊ ဥယျာဉ်၊ ခြံမြေများနှင့် လယ်ယာမြေများအပါအဝင် အစစအရာရာထိခိုက်ကာ ဆုံးရှုံးနစ်နာမှုများ ကြုံတွေ့နေရပါတယ်။ ဒါကြောင့် နောက်ဆက်တွဲပြဿနာများနှင့် ကြုံတွေ့နေရပါတယ်။ ဥပမာ- လမ်းတိုးချဲ့မှုကြောင့် အိမ်ကြီးတစ်ခုလုံးရွှေ့ပေးရပြီး ပျက်စီးဆုံးရှုံးမှုများတဲ့အတွက် အိမ်အသစ်ပြန်လည်တည်ဆောက်နေထိုင်နိုင်ရန် ငွေရေး၊ ကြေးရေးမတတ်နိုင်တာမျိုး ဖြစ်နေရပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ မိမိနေထိုင်ရာနေရာသို့ လမ်းတိုးချဲ့မှုမရောက်သေးတဲ့ ပြည်သူများလည်း စိုးရိမ်ပူပန်နေကြပါတယ်။ ဒါကြောင့် ပျက်စီးဆုံးရှုံးမှုများအတွက် သက်ဆိုင်ရာသို့ တင်ပြတောင်းဆိုပေးပါရန် ကျွန်တော့်ထံ တင်ပြလာပါတယ်။ သို့ဖြစ်ပါ၍ အောက်ပါမေးခွန်းကို ပြည်သူများရဲ့

ကိုယ်စား မေးမြန်းအပ်ပါတယ်။ (က) လမ်းဖောက်ချဲ့မည်ဆိုပါက အစီအစဉ်များအားလုံး ပြည်သူများအား အသေးစိတ် ချပြဆွေးနွေးညှိနှိုင်းမှုများရှိ/မရှိ၊ (ခ) ပျက်စီးဆုံးရှုံးသွားသော ပြည်သူများ၏ ပိုင်ဆိုင်မှုများအားလုံး ထိုက်တန်သောလျော်ကြေးငွေများ ပေးလျော်ရန် အစီအစဉ်ရှိ/မရှိ၊ (ဂ) လျော်ကြေးငွေများပေးပါက မည်ကဲ့သို့ ပမာဏအတိုင်းအတာအထိ ပေးလျော်မည်နည်း စသည့်မေးခွန်းများကို သိလိုပါ၍ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ အားလုံး ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်း ရင်းနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်၊ သိန္နီမဲဆန္ဒနယ်က ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးစိုင်းဝင်းခိုင်မှ မေးမြန်းထားတဲ့ မေးခွန်းမှာ အပိုင်းသုံးပိုင်းပါတဲ့ အတွက် အပိုင်းသုံးပိုင်းကို တစ်ပိုင်းချင်းစီ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ် ခင်ဗျား။ ဒုတိယ ဥက္ကဋ္ဌကြီးခင်ဗျား။ မေးခွန်းအပိုင်း(၁)ဖြစ်တဲ့ လားရှိုးမြို့မှ သိန္နီမြို့အထိ အာဆီယံဟိုက်ဝေး AH 14 လမ်းကို ဆောက်လုပ်ချဲ့နေဆဲဖြစ်ရာ လမ်းဖောက်ချဲ့မည်ဆိုပါက အစီအစဉ်များအားလုံး ပြည်သူများအား အသေးစိတ်ချပြဆွေးနွေးညှိနှိုင်းမှုများရှိ/မရှိနဲ့ ပတ်သက်ပြီး ရှင်းလင်းဖြေကြားရရင် လမ်းအပိုင်းနဲ့ပတ်သက်ပြီးတော့ ပိုမိုရှင်းလင်းအောင် ကျွန်တော် Power Point လေးနဲ့ ကျွန်တော် တင်ပြပါ့မယ် ခင်ဗျာ။ ဒီမှာ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့အပိုင်းဟာ ဒါ လားရှိုးမြို့ဖြစ်ပါတယ်။ ဒါ သိန္နီမြို့ ဖြစ်ပါတယ်။ မိုင်တိုင်အားဖြင့်ပြောရင် လားရှိုးမြို့ ၁၇၃ မိုင်ကနေပြီးတော့ သိန္နီမြို့ ၂၀၅ မိုင် ၆ ဖာလုံ အတွင်း ဒီအပိုင်းကို နှစ်လမ်းသွားကနေပြီးတော့ လေးလမ်းသွားအဆင့်အထိ လမ်းချဲ့ရမှာဖြစ်ပါတယ်။ ဒါဟာ လည်း ဘာကြောင့်ချဲ့ရသလဲဆိုလို့ရှိရင် ဒီအပိုင်းဟာ တစ်ဖက်နိုင်ငံ မူဆယ်မြို့နဲ့ ဆက်စပ်နေတဲ့ အပိုင်းဖြစ်တဲ့အတွက် ယာဉ်သွားလာမှု အထူးများပြားပါတယ်။ ဒီ့အပြင် ကုန်တင်ယာဉ်ကြီးတွေ များပြားတဲ့အတွက် မကြာခဏဆိုသလို အန္တရာယ်တွေဖြစ်တာကြောင့် ဒီလမ်းပိုင်းကို ချဲ့ထွင်ရတာ ဖြစ်ပါတယ်။ ဒီဟာ အာဆီယံဟိုက်ဝေးလမ်း AH 14 လမ်းအဖြစ် ၄၈ ပေအကျယ် လေးလမ်းသွား

လမ်းမကြီးအဆင့်ကိုတိုးချဲ့ဖို့ ကျွန်တော်တို့ စတင်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါကို ဆောင်ရွက်တာကတော့ ကျွန်တော်တို့ ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ လမ်းဦးစီးဌာနနဲ့ Oriental Highway Co.,Ltd တို့က ဆောင်ရွက်တာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့ ပုဂ္ဂိုလ်များဟာလည်းပဲ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီများ၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီဝင်များ၊ သက်ဆိုင်ရာဌာန /အဖွဲ့အစည်းများနဲ့ ညှိနှိုင်းဆွေးနွေးပြီးတော့မှ ပြည်သူများကိုလည်း အသေးစိတ်ချပြပြီးမှ ဆောင်ရွက်မှာ ဖြစ်ပါကြောင်း ပထမမေးခွန်းကို ဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်းဖြစ်တဲ့ ပျက်ဆီးဆုံးရှုံးသွားတဲ့ ပြည်သူများရဲ့ပိုင်ဆိုင်မှုများအားလုံး ထိုက်တန်သော လျော်ကြေးငွေများ ပေးလျော်ရန် အစီအစဉ် ရှိ/မရှိနဲ့ပတ်သက်ပြီး ရှင်းလင်းဖြေကြားရရင် လမ်းတိုးချဲ့ခြင်းဆောင်ရွက်ရာမှာ သတ်မှတ်နယ်နိမိတ်ပြင်ပမှာ လမ်းတိုးချဲ့ရတဲ့အတွက် ပျက်စီးဆုံးရှုံးမှုများဖြစ်ပါက ပျက်စီးဆုံးရှုံးသွားတဲ့ ပြည်သူများရဲ့ ပိုင်ဆိုင်မှုများအားလုံးကို ထိုက်တန်သောလျော်ကြေး ပေးလျော်မှာဖြစ်ပါတယ်။ ဒီလိုပေးလျော်တဲ့နေရာမှာလည်းပဲ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းနဲ့ ကျွန်တော်တို့ကနေ ဖွဲ့စည်းပေးထားတဲ့ လျော်ကြေးသတ်မှတ်ရေးကော်မတီက ညှိနှိုင်းပြီးတော့ ဆောင်ရွက်ထားတဲ့အတိုင်း ကျွန်တော်တို့ ပေးချေမှာဖြစ်ပါကြောင်း အပိုင်း(၂)ကို ဖြေကြားအပ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ အပိုင်း(၃)ဖြစ်တဲ့ လျော်ကြေးငွေများပေးပါက မည်ကဲ့သို့ ပမာဏအတိုင်းအတာအထိပေးမည်ကို သိရှိလိုခြင်းနဲ့ပတ်သက်တဲ့ မေးခွန်းကို ရှင်းလင်းဖြေကြားရရင် ပေးလျော်ရမယ့် ပျက်ဆီးသွားတဲ့ ပြည်သူများရဲ့ လယ်ယာမြေလျော်ကြေးကိစ္စ၊ တိုက်တာအဆောက်အဦများကိစ္စနဲ့ပတ်သက်ပြီးတော့ ပမာဏကို သေသေချာချာစစ်ဆေးပြီးတော့ မြို့နယ် လယ်ယာမြေ စီမံခန့်ခွဲရေးကော်မတီ၊ မြို့နယ်အုပ်ချုပ်ရေးကော်မတီ၊ စည်ပင်သာယာရေးကော်မတီ စတဲ့ ကျွန်တော်တို့ ဒီကော်မတီတွေနဲ့ စုပေါင်းပြီးတော့ ဈေးနှုန်းနဲ့ သတ်မှတ်ထားတဲ့ လျော်ကြေးနှုန်းထားများကို သတ်မှတ်မှာဖြစ်ပါတယ်။ အဲဒီ သူတို့သတ်မှတ်ပေးတဲ့ဟာကို သက်ဆိုင်ရာပြည်နယ်အစိုးရက အတည်ပြုပြီးတဲ့အတိုင်း ကျွန်တော်တို့ ဝန်ကြီးဌာနမှ ပေးလျော်သွားမည်ဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏလုပ်အားပေး အိမ်ရာနေပြည်သူများအား လွန်ခဲ့သောနှစ်က သက်ဆိုင်ရာက အိမ်ငှားရမ်းခများ တိုးမြှင့်သတ်မှတ်လာခြင်းနှင့် ပတ်သက်ပြီး မေးမြန်းခဲ့ရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၏ ရှင်းလင်းဖြေကြားချက်ကို အကောင်အထည် ဖော်ရန်နှင့် မူလလုပ်အားပေးခဲ့သူ မိသားစုများမှ အိမ်ငှားခ ပုံမှန်ပေးသွင်းခဲ့သူများကိုလည်းကောင်း၊ မူလလုပ်အားပေးခဲ့သူများထံ ဝယ်ယူနေထိုင်ငှားရမ်းခ ပေးသွင်းသူများကိုလည်းကောင်း တရားဝင်အမည်ပြောင်းလဲပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

ဒုတိယဥက္ကဋ္ဌ။ ။ သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသိန်းညွန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ဒုတိယဥက္ကဋ္ဌမှ တစ်ဆင့် ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်တွင် လွန်ခဲ့သော နှစ် ၅၀ ကတည်းက ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနက ဖော်ထုတ်ခဲ့ သည့် သုဝဏ္ဏလုပ်အားပေးအိမ်ရာနေ ပြည်သူများအား လွန်ခဲ့သောနှစ်က သက်ဆိုင်ရာက အိမ်ငှားရမ်းခများ တိုးမြှင့်သတ်မှတ်လာသည့်အတွက် အိမ်ရာနေပြည်သူများ အခက်အခဲနှင့် ကြုံတွေ့ခဲ့ရပါသည်။ ထို့ကြောင့် ယင်းကိစ္စနှင့်ပတ်သက်ပြီး ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန် အစည်းအဝေးတွင် ကျွန်တော် မေးခွန်းတစ်ရပ်မေးမြန်းခဲ့ရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက အိမ်လခပြင်ဆင်သတ်မှတ်ခြင်းအတွက် သုဝဏ္ဏ လုပ်အားပေး အိမ်ငှားဦးစီးများ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ ဒေသဆိုင်ရာအုပ်ချုပ်ရေး အဖွဲ့အစည်းများနှင့် မြို့ရွာနှင့်အိုးအိမ်ဦးစီးဌာနတို့မှ ပူးပေါင်းညှိနှိုင်းပြီး အိမ်လခသတ်မှတ် ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားခဲ့သည့်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအား သုဝဏ္ဏအိမ်ရာနေ ပြည်သူများကိုယ်စား အထူး ကျေးဇူးတင်ရှိပါသည်။ သို့သော် ဒုတိယဝန်ကြီး ရှင်းလင်းဖြေကြားချက်များ အကောင်အထည်ဖော် သည့်လုပ်ငန်းအနေဖြင့် ယနေ့အချိန်ထိ ပေါ်ပေါက်လာခြင်းမရှိသေးသည့်အတွက် သုဝဏ္ဏအိမ်ရာနေ ပြည်သူများ စိတ်သောကရောက်လျက်ရှိပါသည်။ ထို့ကြောင့် (က) ဒုတိယဝန်ကြီး ရှင်းလင်းဖြေကြား သည့် သဘောထားအတိုင်း အိမ်လခပြန်လည်သတ်မှတ် ညှိနှိုင်းရေးလုပ်ငန်းအား အကောင်အထည် ဖော်ရန်

အဘယ်ကြောင့်ကြန့်ကြာနေရပါသနည်း။ (ခ) ဒုတိယဝန်ကြီး ရှင်းလင်းဖြေကြားချက် သဘောထားသည် သုဝဏ္ဏအိမ်ရာနေ ပြည်သူများအတွက် အကျိုးဖြစ်ထွန်းမည်ဖြစ်၍ အမြန်ဆုံး အကောင်အထည်ဖော်ပေးနိုင်ပါမည်လား။ (ဂ) မဖော်ပေးနိုင်သေးပါက အဘယ်ကြောင့်နည်း။ (ဃ) မူလလုပ်အားပေးခဲ့သူ မိသားစုများမှ အိမ်ငှားခပုံမှန်ပေးသွင်းခဲ့သူများကိုလည်းကောင်း၊ မူလလုပ်အားပေးခဲ့သူများထံ ဝယ်ယူနေထိုင်ငှားရမ်းခ ပေးသွင်းသူများကိုလည်းကောင်း တရားဝင် အမည်ပြောင်းလဲပေးရန် အစီအစဉ်ရှိ/မရှိ၊ အစီအစဉ်မရှိပါက အဘယ်ကြောင့်နည်း မေးခွန်းများကို မေးမြန်းအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဆက်လက်ပြီးတော့ ရန်ကုန်တိုင်းဒေသကြီး၊ သယ်န်းကျွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးသိန်းညွန့်က မေးမြန်းထားတဲ့ မေးခွန်းများကို ဆက်လက်ပြီးတော့ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ မေးခွန်းများကို ကျွန်တော်တို့ ပြန်လည်လေ့လာတဲ့အခါမှာ မေးခွန်းမှာ အပိုင်း(က)၊ (ခ)၊ (ဂ)၊ (ဃ)၊ (င) ဆိုပြီးတော့ အပိုင်း(၅)ပိုင်းပါဝင်တာဖြစ်ပါတယ်။ ဒါကြောင့်မို့ မေးခွန်းများကို ကျွန်တော် အပိုင်းလိုက် ပြန်လည်ရှင်းလင်းတင်ပြပါမယ်ခင်ဗျား။ မေးခွန်း(က)နှင့်ပတ်သက်ပြီးတော့ အိမ်လခ ပြန်လည်သတ်မှတ်ညှိနှိုင်းအကောင်အထည်ဖော်ရန် အသေးစိတ်စာရင်းများကောက်ခံခြင်း၊ စာရင်းပြုစုခြင်းများကို ဆောင်ရွက်ပေးဖို့နဲ့ပတ်သက်ပြီးတော့ မေးမြန်းတာဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့ ကျွန်တော်တို့ဟာ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလအတွင်းမှာ စတင်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလုပ်ငန်းကို အပြီးသတ်မှာကတော့ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလကုန်မှာ အပြီးသတ် ကျွန်တော်တို့ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဆောင်ရွက်ပြီးတဲ့အခါမှာ ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစတင်တဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် စတင်ကောက်ခံရန်စီစဉ်သွားမှာဖြစ်ပါတယ်။ သုဝဏ္ဏအိမ်ရာစခန်းရဲ့ အိမ်လခကောက်ခံရရှိငွေများကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အစိုးရဌာနများရဲ့ရငွေစာရင်းမှာ ပေးသွင်းရတာဖြစ်ပါတယ်။ ဒီလိုပေးသွင်းတဲ့အခါမှာလည်း ဘဏ္ဍာရေးနှစ်အလိုက် လျာထားခြင်း၊ အကောင်အထည်ဖော် ကောက်ခံ

ရခြင်းများကြောင့် ဘဏ္ဍာရေးနှစ်ကိုမူတည်ပြီး ဆောင်ရွက်ရတဲ့လုပ်ငန်းဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ဆက်လက်ပြီးတော့ မေးခွန်း(ခ)မှာ သုဝဏ္ဏအိမ်ရာမှာနေတဲ့ ပြည်သူများအတွက် အကျိုးဖြစ်ထွန်းမှာဖြစ်တဲ့အတွက် အကောင်အထည်ဖော်မှုနှင့်ပတ်သက်ပြီး ပြည်သူများအား အငှားချထားသောအိမ်ရာများဟာ ပြည်သူ့အိမ်ရာအမျိုးအစားဖြစ်ပြီးတော့ ဝန်ထမ်းလစာနှုန်းထားဖြင့် အိမ်လခကောက်ခံတဲ့ဝန်ထမ်းအိမ်ရာများဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒီဝန်ထမ်းအိမ်ရာများမှာ နေထိုင်ကြတဲ့ပုဂ္ဂိုလ်များဟာ တာဝန်မှပြောင်းရွှေ့ခြင်း၊ အငြိမ်းစားယူခြင်း၊ နုတ်ထွက်ခြင်းများရှိခဲ့ပါက ဆက်လက်နေထိုင်ခွင့်မရှိဘဲ ပြောင်းရွှေ့ပေးရတဲ့အိမ်ခန်းအမျိုးအစားဖြစ်ပါတယ်။ သုဝဏ္ဏအိမ်ရာအိမ်ခန်းများမှာ ပြင်ပမှာတရားမဝင်ငှားရမ်းမှုများ ရှိနေပြီးတော့ ငှားရမ်းခများမှာ လမ်းအတွင်းပိုင်းမှာ ကျပ်တစ်သိန်းခန့်ရှိပြီးတော့ သံသုမာလမ်းမကြီးပေါ်မှာတော့ ကျပ်သုံးသိန်းခန့်ရှိပါတယ်။ လက်ရှိသုဝဏ္ဏအိမ်ရာမှာ နေထိုင်ကြတဲ့၊ လုပ်အားပေးခဲ့တဲ့ အငြိမ်းစားများအား အရာထမ်းအငြိမ်းစားလစာရဲ့ ၅ ရာခိုင်နှုန်း၊ အမှုထမ်းအငြိမ်းစားလစာရဲ့ ၃ ရာခိုင်နှုန်းကိုသာ ကောက်ခံလျက်ရှိပါတယ်။ ဒီပမာဏများကို ပြန်ကြည့်တဲ့အခါမှာလည်း ၁၀၀၀ ကနေပြီးတော့ ၃၀၀၀ အတွင်းပဲ ကျွန်တော်တို့ကောက်ခံနေတာဖြစ်တဲ့အတွက် သက်သာတဲ့အိမ်လခနှုန်းထားများ စတင်ခံစားနေရပြီဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ဆက်လက်ပြီးတော့ မေးခွန်း(ဂ)နှင့်ပတ်သက်လို့တော့ မေးခွန်း(က)နှင့်(ခ)မှာ ကျွန်တော်တင်ပြထားတဲ့လုပ်ငန်းစဉ်အရ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ ဆက်လက်ပြီးတော့ မေးခွန်း(ဃ)နှင့်ပတ်သက်ပြီးတော့ ဖြေကြားရရင် မူလလုပ်အားပေးခဲ့သူမိသားစုများမှ အိမ်လခပုံမှန်ပေးသွင်းခဲ့သူများဟာ ခင်ပွန်းကွယ်လွန်က ဇနီး၊ ဇနီးကွယ်လွန်က ခင်ပွန်း၊ ခင်ပွန်းနှင့်ဇနီးကွယ်လွန်ပါက ကျန်ရှိတဲ့သားသမီးများထဲမှတစ်ဦးကို သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ တရားဝင် အမည်ပြောင်းလဲပေးခြင်းကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ မူလလုပ်အားပေးသူများထံမှ ဝယ်ယူနေထိုင်ပြီးတော့ ငှားရမ်းခပေးသွင်းသူများကိုတော့ အမည်ပြောင်းလဲပေးရန် အစီအစဉ်မရှိပါကြောင်း တင်ပြအပ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ မေးခွန်း(င)နှင့်ပတ်သက်ပြီးတော့ ဝယ်ယူနေထိုင်သူများဟာ ရောင်းချ၊ ပေါင်နှံ၊ လွှဲပြောင်းခွင့်မရှိသော အစိုးရအိမ်ဥပစာကို ဝယ်ယူနေထိုင်ခြင်းဖြစ်ပါတယ်။ သုဝဏ္ဏအိမ်ရာစခန်းဟာ ဌာနမှစီမံခန့်ခွဲနေတဲ့အငှားချအိမ်ခန်းများအနေနဲ့ အိမ်ခန်းတစ်ခန်း

လုံးကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ပိုင်းကိုသော်လည်းကောင်း ငှားရမ်းခြင်း၊ လွှဲပြောင်းခြင်း မပြု လုပ်ရကြောင်း အိမ်ငှားစည်းကမ်းစာချုပ်များမှာ ပါရှိပြီးဖြစ်ပါတယ်။ ဝယ်ယူနေထိုင်သူများအနေနဲ့ ဝယ်ယူခွင့်မရှိသော အစိုးရအိမ်ဥပစာကို ဝယ်ယူနေထိုင်ခြင်းဖြစ်တဲ့အတွက် တရားဝင် အမည်ပြောင်း လဲပေးရန် အစီအစဉ်မရှိပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ထို့အပြင် ဒီသုဝဏ္ဏအိမ်ရာစီမံကိန်း ဟာ မြန်မာနိုင်ငံမှာရှိတဲ့ အခြားအခြားသောအိမ်ရာစီမံကိန်းများနဲ့ မတူတဲ့အချက်က သူဟာ ဒီအိမ်ရာ စီမံကိန်းများကို စတင်ပြီးတော့နေထိုင်ခွင့်ရကတည်းကိုက လုပ်အားပေးပြီးတော့မှ ရရှိတာဖြစ်တဲ့ အတွက် သူ့ကိုကျွန်တော်တို့က သီးခြားမူတစ်ခုသတ်မှတ်ပြီးတော့ အခု ဒီဇင်ဘာလကစပြီးတော့ ဖေဖော်ဝါရီလအထိကာလအတွင်း ကျွန်တော်တို့ စာရင်းကောက်ပြီးတော့ အဲဒီရရှိတဲ့အဖြေအရ ကျွန်တော်တို့ဟာ ထပ်မံပေးလျှော့ပြီးတော့ အခွန်အခကို၊ အိမ်ငှားခကို ထပ်မံလျှော့ပြီးတော့ ကောက်ခံ မည်ဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဦးသိန်းညွန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ ဆက်စပ်မေးခွန်း မေးပါရစေ။ ဒုတိယဝန်ကြီး ဖြေကြားချက်ထဲမှာ မူလလုပ်အားပေးသူများနဲ့ ပတ်သက်ပြီး ရှင်းလင်းဖြေကြားချက်များသည် ပြည်သူ များရဲ့သဘောထားနဲ့ကိုက်ညီတဲ့အတွက် ကျေးဇူးတင်ပါတယ်။ သို့သော် ဒီအိမ်ရာစီမံကိန်းဟာ ဟိုတုန်း က တာဝန်ရှိတဲ့ ဆောက်လုပ်ရေးတာဝန်ခံ ဝန်ကြီး ဗိုလ်မှူးချုပ်စိန်ဝင်းကိုယ်တိုင်ကနေ ဒီအဆောက် အဦဟာ တခြားနဲ့မတူဘဲနဲ့ ကိုယ့်အိမ်ကိုယ့်ရာ ကိုယ်ဆောက်တဲ့အတွက် နောက်အနှစ် ၂၀၊ ၃၀ ကျရင် အခမဲ့နေထိုင်ခွင့် ပေးမယ်ဆိုတဲ့ကတိစကားကို လူသိရှင်ကြားပြောကြားခဲ့တာရှိပါတယ်။ အဲဒီအပေါ်မှာ ယုံကြည်ပြီးတော့ ရိုးရိုးသားသား အခုလိုနေရေးထိုင်ရေးခက်ခဲတဲ့ကာလမှာ ဒီအိမ်ရာတွေကို ကာလ တန်ဖိုးပေးပြီးတော့ ဝယ်ယူခဲ့တဲ့ပုဂ္ဂိုလ်များနဲ့ ပတ်သက်ပြီးတော့ အခြားအစိုးရအိမ်ငှားများကဲ့သို့ စဉ်းစားဆောင်ရွက်ခြင်းမပြုဘဲနဲ့ ပြည်သူတို့ရဲ့ နေရေးအခက်အခဲကို ထည့်သွင်းစဉ်းစားပြီးတော့ ဝယ်ယူထားသူများအတွက် တစ်နည်းနည်းဖြင့်ပေါ့။ အခွန်တိုးမြှင့်ကောက်တာတို့၊ ဒဏ်ကြေးရိုက်တာတို့ လုပ်ပြီးတော့ ပိုင်ဆိုင်မှုကို ဆောင်ရွက်ပေးမယ်ဆိုရင် ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တရားဝင်ရရှိထားတဲ့ ရွှေ့ပြောင်းနိုင်တဲ့ပစ္စည်း၊ မရွှေ့မပြောင်းနိုင်တဲ့ပစ္စည်းကို အကာအကွယ်ပေးရာ ရောက်တဲ့အတွက် တစ်ဆင့်ပြန်လည်ဝယ်ထားသူများရဲ့ အခွင့်အရေးကိုလည်း ဆောက်လုပ်ရေးဝန်ကြီး ဌာနက သူတို့ရဲ့နေထိုင်မှုခိုင်မြဲအောင် တစ်နည်းနည်းဖြင့် ဆောင်ရွက်ပေးဖို့ ထူးခြားတဲ့အိမ်ရာဖြစ်တဲ့ အတွက် အစီအစဉ်ရှိ/မရှိသိလိုကြောင်း လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဒုတိယ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမေးခွန်းဟာ လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးသိန်းညွန့် ပထမမေးစဉ်ကာလ ကတည်းက ဒါအရင်တုန်းက ကျွန်တော်တို့ဌာနကို တာဝန်ခံခဲ့တဲ့ ဝန်ကြီး ကနေပြီးတော့ အနှစ် ၂၀၊ ၃၀ ကြာလို့ရှိရင် အပိုင်ပေးမယ်ဆိုပြီးတော့ တင်ပြခဲ့တာရှိပါတယ်။ အဲဒီတုန်းကလည်းပဲ ဒါ လွှတ်တော် ကိုယ်စားလှယ်ကြီး ဦးသိန်းညွန့်တင်ပြတာကို ကျွန်တော်တို့ မှတ်မှတ်သားသားဖြစ်ပြီးတော့ ကျွန်တော် တို့ဌာနအနေနဲ့ ဒီဟာကို အထောက်အထားတွေ ရှာခဲ့ပါတယ်။ ရှာခဲ့သော်လည်းပဲ ဒီအထောက်အထား တွေကိုတော့ ရှာလို့မတွေ့ခဲ့ပါဘူး။ ဒီ့အတွက်ကြောင့် ကျွန်တော်တို့က ဘာနဲ့လုပ်ရပါလည်းဆိုရင် ကျွန်တော်တို့ ဒီမှာ ၁၉၇၂/၇၃/၇၄ ခုနှစ်မှာ အဲဒီအိမ်ရာတွေမှာ ငှားနေကြတဲ့ပုဂ္ဂိုလ်တွေနဲ့ ကျွန်တော် တို့ စာချုပ် ချုပ်ထားတာရှိပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ဟာ အခုချိန်မှာဆောင်ရွက်တဲ့အခါ မှာတော့ ယခင်နှစ်ပေါင်း ၅၀ ကျော်လောက်က ချုပ်ဆိုထားတဲ့စာချုပ်စာတမ်းများကိုပဲ ကျွန်တော်တို့ အမှီသဟဲပြုပြီးတော့ ကျွန်တော်တို့ ဒါကိုဆောင်ရွက်နေရခြင်းဖြစ်ပါတယ်။ အခုအချိန်မှာတော့ ဒါ ကျွန်တော်တို့ ပြန်လည်စဉ်းစားပေးရမှာကတော့ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့အတိုင်း ဒီအပေါ်မှာ အခွန်တွေ၊ ဒဏ်ကြေးတွေစတဲ့ဟာတွေကို ကျွန်တော်တို့တိုးမြှင့်ကောက်ခံပြီးတော့ နေထိုင် တဲ့ပြည်သူများအတွက် အဆင်ပြေအောင် ဆောင်ရွက်ဖို့ဆိုတာကတော့ ကျွန်တော်တို့ အဆင့်ဆင့် ဆက်လက် တင်ပြညှိနှိုင်းပြီးတော့ ဆောင်ရွက်ရမှာဖြစ်ပါကြောင်း လေးစားစွာ ပြန်လည်ဖြေကြားအပ်ပါ တယ်ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။

**အစည်းအဝေး (၁၈)ရက်မြောက်နေ့တွင် တင်ပြခဲ့သော ပြည်သူ့လွှတ်တော် နိုင်ငံတကာ ဆက်ဆံရေးကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဦးမြသိန်း၊ မုဒုံမဲဆန္ဒနယ်က ဆွေးနွေးခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ကို ဆောင်ရွက်မှာဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (၁၈)ရက်မြောက်နေ့ တွင် တင်ပြခဲ့တဲ့ နိုင်ငံတကာဆက်ဆံရေး ကော်မတီရဲ့ အစီရင်ခံစာနှင့်စပ်လျဉ်းပြီး

ဆွေးနွေးလိုကြောင်း မုဒုံမဲဆန္ဒနယ်မှ ဦးမြသိန်းက အမည်စာရင်းတင်သွင်းထားပါတယ်။ ဒါကြောင့် မုဒုံမဲဆန္ဒနယ်မှ ဦးမြသိန်း ဆွေးနွေးရန် ဖိတ်ခေါ်ပါ တယ်။

**ဦးမြသိန်း(မုဒုံမဲဆန္ဒနယ်)။** ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ရှေးဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ မုဒုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြသိန်း ဖြစ်ပါ တယ်။ ကျွန်တော်ဆွေးနွေးမှာက နိုင်ငံတကာဆက်ဆံရေးကော်မတီရဲ့ လုပ်ဆောင်ချက်များကို ဆွေးနွေး မှာဖြစ်ပါတယ်။ နိုင်ငံတကာဆက်ဆံရေးကော်မတီမှာ ဥက္ကဋ္ဌအဖြစ် ဦးလှမြင့်ဦးနှင့် အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းထားပါတယ်။ တပ်မတော်သားကိုယ်စားလှယ် လေးဦးကို လေ့လာသူအဖြစ် တွဲဖက်ထားပါ တယ်။ တွဲဖက်ထားတဲ့ကော်မရှင်အဖွဲ့ဝင်များမှာ ဦးတိုးနိုင်မန်း(အဖွဲ့ဝင်) ဥပဒေရေးရာနှင့်အထူးကိစ္စ ရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်၊ ဒေါ်အေးအေးမူ(အဖွဲ့ဝင်) ဥပဒေရေးရာနှင့် အထူး ကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်၊ ကော်မတီရုံးလုပ်ငန်းများဆောင်ရွက်ရန် ဦးစီးအရာရှိ တစ်ဦး၊ အကြီးတန်းစာရေး လေးဦးနှင့် အငယ်တန်းစာရေး တစ်ဦးတို့ ကော်မတီရုံးအဖွဲ့ အဖြစ် တာဝန်ပေးအပ်ထားပါတယ်။

**ကော်မတီ၏လုပ်ငန်းတာဝန်များ**

ကော်မတီတွင် လုပ်ငန်းတာဝန်များမှာ ဖော်ပြပါအတိုင်းဖြစ်ပါတယ်။ နိုင်ငံတကာဆက်ဆံရေးရဲ့ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကူညီဆောင်ရွက်ပေးရပါမယ်။ လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သောနိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံချင်းမိတ်မပျက် ပေါင်းဖက်ဆက်ဆံရေးကို ရှေးရှု၍ နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူများကို စောင့်ထိန်းသည့်အချက်များကို ညှိနှိုင်းဆောင်ရွက်ရပါမယ်။ သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိဌာန အဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် ဥပဒေများကို လေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ် ဖြည့်စွက်ရန် ရှိသည်ကို ပြုလုပ်ပေးရပါမယ်။ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများမှ အခါအားလျော်စွာ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့်အညီ လုပ်ထုံးလုပ်နည်းများသည် တည်ဆဲဥပဒေများနှင့်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းလိုက်သည့် ဥပဒေများနှင့်လည်းကောင်း ညီညွတ်ဆီလျော်အောင် ဆောင်ရွက်စေပြီး ညီညွတ်

ဆီလျော်မှုရှိပါက လိုက်နာဆောင်ရွက်မှုများကို စောင့်ကြည့်ထိန်းညှိရပါမည်။ သက်ဆိုင်ရာနယ်ပယ် အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့် ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကြားနာစိစစ်၍ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်ကို တင်ပြအစီရင်ခံရမည်။ ကော်မတီ၏လက်တွေ့လုပ်ငန်းများမှာ စီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းများ စိစစ် ဆောင်ရွက်မှု၊ ပြင်ဆင်၊ ဖျက်ဆီး၊ အသစ်ပြဋ္ဌာန်းရန် ဥပဒေကြမ်းများကို သက်ဆိုင်ရာဆောင်ရွက်ခြင်း များနှင့် အခြားလွှတ်တော်ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စုလွှတ်တော် နာယက၏ ပြည်ပခရီးစဉ်၊ ချစ်ကြည်ရေးခရီးစဉ်၊ နိုင်ငံရေးအစီအစဉ်များ တက်ရောက်ခြင်း၊ အများအတွက်စီစဉ်ဆောင်ရွက်ခြင်း၊ မြန်မာ့လွှတ်တော်များ၏ဖိတ်ကြားချက်အရ လာရောက်ကြသော နိုင်ငံခြားလွှတ်တော် အကြီးအကဲများ၊ ကိုယ်စားလှယ်အဖွဲ့ဆိုင်ရာကိစ္စရပ်များ စီစဉ်ဆောင်ရွက်ခြင်း၊ ကော်မတီသို့ ဖိတ်ကြားသည့်ခရီးစဉ်များ၊ လွှတ်တော်ဆိုင်ရာအခြားခရီးစဉ်များ အတွက် စီစဉ်ဆောင်ရွက်ခြင်း၊ တွေ့ဆုံဆွေးနွေးပွဲများပြုလုပ်ခြင်း၊ လွှတ်တော်အရည်အသွေး မြှင့်တင် ရေးဆိုင်ရာသင်တန်းများ၊ ဆွေးနွေးပွဲများ၊ ဟောပြောခြင်းများကို နိုင်ငံတကာအဖွဲ့အစည်းများနဲ့ ဆက်သွယ်ဆောင်ရွက်ခြင်း၊ လွှတ်တော်နှစ်ရပ် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းဆိုင်ရာများ ညှိနှိုင်းဆောင်ရွက် ရမယ့်ဥပဒေ ပူးပေါင်းဆောင်ရွက်ရမယ့်လုပ်ငန်းများဖြစ်ပါတယ်။ ကော်မတီမှာ ဥပဒေပြုရေးတာဝန် ရှိပါတယ်။ ကော်မတီ၏မေးခွန်းနှင့် အဆိုတင်သွင်းမှုများမှာ ၂၀၁၁ ခုနှစ်မှာ အကြိမ် ၂၀၊ ၂၀၁၂ ခုနှစ် မှာ ၅၈ ကြိမ်၊ ၂၀၁၃ ခုနှစ်မှာ ၁၃၃ ကြိမ်၊ ကြယ်ပွင့်ပြမေးခွန်း ၉၀၊ ၂၀၁၄ ခုနှစ်မှာ ၄၇ ကြိမ်၊ ၂၀၁၅ ခုနှစ်မှာ ခြောက်ကြိမ်၊ ကြယ်ပွင့်ပြမေးခွန်း သုံးကြိမ် အပါအဝင်ဖြစ်ပါတယ်။ နိုင်ငံတကာပါလီမန်များ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ပါတယ်။

မြန်မာနိုင်ငံသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စုလွှတ်တော်နာယက ဦးဆောင်သွား သည့် ချစ်ကြည်ရေးခရီးစဉ်များမှာ နိုင်ငံတကာအဖွဲ့အစည်းများ၏ ဖော်ပြရမယ်ဆိုရင် ချစ်ကြည်ရေး ခရီးသွားသွားနေတဲ့ လေ့လာရေးနိုင်ငံများမှာ Russia Federation၊ အိန္ဒိယ၊ တရုတ် (၃)ကြိမ်၊ ဂျာမနီ၊ ဘယ်(လ်)ဂျီယံ၊ ပြင်သစ်၊ နော်ဝေး၊ United Kingdom၊ ဒိန်းမတ်၊ ဩစတေးလျ၊ စင်ကာပူ၊ နယူးဇီလန်၊ ကိုရီးယားသမ္မတနိုင်ငံ၊ အမေရိကန် (၂)ကြိမ်၊ ဘရူနိုင်းနိုင်ငံ၊ ထိုင်း၊ မလေးရှား၊ ဆွစ်ဇာလန်၊ ဩစတြေးလျ၊ ဂျပန်၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ ဟောင်ကောင်၊ မွန်ဂိုးလီးယား၊ ဗီယက်နမ်၊ လာအို၊ အီတလီနဲ့ ဖိလစ်ပိုင်တို့ဖြစ်ပါတယ်။

**မူကြမ်း**

**နိုင်ငံတကာအဖွဲ့အစည်းများသို့ တက်ရောက်ဆွေးနွေးခြင်း**

ဆွစ်ဇာလန်နိုင်ငံ၊ ဂျနီပါမြို့တွင် ၂၇-၁၀-၂၀၁၃ ရက်နေ့တွင် ကျင်းပသော (၁၂၉) ကြိမ်မြောက် နှစ်နိုင်ငံ နိုင်ငံတကာပါလီမန်အဖွဲ့ အစည်းအဝေးတွင် နာယကကြီးသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်နေမှုကိစ္စရပ်များ၊ လွှတ်တော်များ၏ကြိုးပမ်းဆောင်ရွက်မှုများ၊ IPU မှ မြန်မာ့လွှတ်တော်များ ကူညီပေးနေမှုအတွက် ကျေးဇူးတင်ကြောင်း အဆိုပါညီလာခံတို့ အဖွဲ့ဝင်နိုင်ငံ ပေါင်း ၁၃၄ နိုင်ငံမှ ကိုယ်စားလှယ်ပေါင်း ၁၂၆၀ ဦးတက်ရောက်ခဲ့ပြီး လွှတ်တော်ဥက္ကဋ္ဌ ပေါင်း ၄၀ ဦး တက်ရောက်ခဲ့ပါတယ်။ အစည်းအဝေးတက်ရောက်နေစဉ်အတွင်း IPU ဥက္ကဋ္ဌ၊ အတွင်းရေးမှူးချုပ်တို့ နှင့်လည်း မော်ရိုကိုနိုင်ငံ၊ ဩစတေးလျနိုင်ငံ၊ အီရန်နိုင်ငံ၊ တောင်အာဖရိကနိုင်ငံ၊ အိန္ဒိယနိုင်ငံ လွှတ်တော်ဥက္ကဋ္ဌတို့နှင့် တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ လာအိုနိုင်ငံ၊ ဗီယင်ကျန်းမြို့တွင် ၁၅-၉-၂၀၁၄ နေ့တွင် ကျင်းပသော (၃၅)ကြိမ်မြောက် အာဆီယံပါလီမန်များဆိုင်ရာ ညီလာခံအစည်းအဝေးတွင် နာယကကြီးက မြန်မာ့လွှတ်တော်များ၏ အထွေထွေအခြေအနေများကို ရှင်းလင်းပြောကြားပြီး လာအို ပြည်သူ့သမ္မတနိုင်ငံ လွှတ်တော်ဥက္ကဋ္ဌ၊ ဝန်ကြီးချုပ်နှင့်တကွ တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။

**နာယက ကိုယ်စား နိုင်ငံတကာအဖွဲ့အစည်းတက်ရောက်မှု**

နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး သည် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်နေ့တွင် ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့တွင် ကျင်းပသော နိုင်ငံတကာပါလီမန်များ အဖွဲ့အစည်း၏ (၁၃၃)ကြိမ်မြောက် ညီလာခံသို့ တက်ရောက်ပြီး နာယက ကိုယ်စား မိန့်ခွန်းပြောကြားခဲ့ပါတယ်။ ဦးလှမြင့်ဦးနှင့်အတူ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဒေါ်အေးအေးမူ လည်းတက်ရောက်ခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်နေ့တွင် အင်ဒိုနီးရှားနိုင်ငံ ဂျာကာတာမြို့တွင် ကျင်းပသည့် အဖွဲ့ဝင်နိုင်ငံများနှင့် ဂျပန်လွှတ်တော် ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးပွဲသို့ နာယကကြီး သို့မဟုတ် ကိုယ်စားလှယ်တစ်ယောက်တို့ ကိုယ်စားတက်ရောက်ပြီး AIPA အတွင်းရေးမှူးချုပ်က ဖိတ်ကြားလာ ရာ နာယက၏ လမ်းညွှန်ချက်အရ ကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး တက်ရောက်ခဲ့ပါတယ်။

**ကုလသမဂ္ဂအဖွဲ့ချုပ်ဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲများ**

ပြည်ထောင်စုလွှတ်တော် နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းကနေပြီးတော့ အမေရိကန် ပြည်ထောင်စုသို့ ၂၀၁၃ ခုနှစ်၊ ဇွန်လတွင်လည်းကောင်း၊ ၂၀၁၅ ခုနှစ်၊ ဧပြီလတွင်

လည်းကောင်း ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ရာ နယူးယောက်မြို့သို့ရောက်ရှိပြီး နှစ်ကြိမ် စလုံးတွင် ကုလသမဂ္ဂအထွေထွေ ထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းနှင့်ရင်းနှီးစွာတွေ့ဆုံ ဆွေးနွေး၍ မြန်မာနိုင်ငံရဲ့ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုများ ကိုပြောကြားခြင်း၊ ကုလသမဂ္ဂနှင့် လက်အောက်ခံအဖွဲ့များ၏ ကူညီဖွဲ့စည်းမှုများနှင့်စပ်လျဉ်း၍ ကျေးဇူးတင်ကြောင်း ဆွေးနွေးပေးခဲ့ပါတယ်။ နယကကြီးသည် ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်ကို UNDP မှ အကြီးအကဲ MR.Halen Clerk နှင့်တွေ့ဆုံဆွေးနွေး၍ လွှတ်တော်များအတွက် အကူအညီပေးနေမှုများအတွက် ကျေးဇူးစကားပြောကြားခြင်း၊ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ် မစ္စတာဘီဂျေနမ်ဘီးယားနှင့် တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။

**မြန်မာနိုင်ငံလွှတ်တော်သို့ နိုင်ငံခြားလွှတ်တော်များရဲ့ အကြီးအကဲများရဲ့ လာရောက်ရေး အစီအစဉ်များ**

မစ္စတာကျာချင့်လင်၊ ဥက္ကဋ္ဌတရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီဝင်နှင့် တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင်း၏ (၁၁)ကြိမ်မြောက် အမျိုးသားကော်မတီ၊ မစ္စတာဝူဘန်းကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌ၊ မစ္စတာကန်ချန်ဟီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ကိုးရီးယားသမ္မတနိုင်ငံ၊ မဒမ်ပါနီယာသိုတု အမျိုးသားလွှတ်တော် လာအိုပြည်သူ့သမ္မတနိုင်ငံ၊ မီရာကုမာ အောက်လွှတ်တော်ဥက္ကဋ္ဌ အိန္ဒိယသမ္မတနိုင်ငံ၊ မစ္စတာလက်ကီတော့မ် အောက်လွှတ်တော်ဥက္ကဋ္ဌ ဒိန်းမတ်နိုင်ငံ မစ္စတာဂျိုဇက်ဟော(ဂ်) အထက်လွှတ်တော်ဥက္ကဋ္ဌ ဩစတြေးလျနိုင်ငံ၊ မစ္စတာဖီလီပို လွန်ဘာဒီ အထက်လွှတ်တော်ဥက္ကဋ္ဌ ဆွဇ်ဇာလန်နိုင်ငံ မစ္စတာကီရပ်စူရာနေ့ အောက်လွှတ်တော်ဥက္ကဋ္ဌ ထိုင်းနိုင်ငံ၊ မစ္စတာငုယင်ဆင်ဟွန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဗီယက်နမ်နိုင်ငံ၊ မစ္စတာဂျွန်ဘာကောင်း အောက်လွှတ်တော်ဥက္ကဋ္ဌ ဗြိတိန်နိုင်ငံ မစ္စတာဒေးဗစ်ကာက အောက်လွှတ်တော်ဥက္ကဋ္ဌ နယူးဇီလန်နိုင်ငံ၊ မစ္စတာချွန်ယွီဟွာ အမျိုးသားလွှတ်တော် ကိုးရီးယားသမ္မတနိုင်ငံတို့ ဖြစ်ကြပါတယ်။

**သုံးသပ်တင်ပြချက်**

လွှတ်တော်များတွင် နိုင်ငံတကာဆက်ဆံရေးကိစ္စရပ်များကို ဆောင်ရွက်ရန် လွှတ်တော်ကော်မတီများကိုဖွဲ့စည်းထားရှိပါတယ်။ အခေါ်အဝေါ်အားဖြင့် နိုင်ငံတကာဆက်ဆံရေးကော်မတီ၊ နိုင်ငံခြားရေးရာကော်မတီ စသည်အားဖြင့် ကွဲလွဲမှုရှိပြီး အချို့လွှတ်တော်များတွင် အခြားအရာများ တွဲဖက်၍ ဥပမာအားဖြင့်- နိုင်ငံခြားရေးရာနှင့် လုံခြုံရေးကော်မတီဟု တွဲဖက်ထားရှိပါတယ်။ ၁၉၄၇ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့်အညီ လွှတ်တော်များပေါ် ပေါက်ချိန်တွင် အထက်

ပါကော်မတီ (၄) ရပ်ကိုသာ ဖွဲ့စည်းထားရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။ ၁၉၇၄ ခုနှစ် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတနိုင်ငံတွင် ထိုလွှတ်တော်တွင်မူ နိုင်ငံတကာဆက်ဆံရေးကော်မတီ အပါ အဝင် ၁၃ ခုဖွဲ့စည်းထားပြီး ကော်မတီအားလုံးမှာ အဆင့်တူပြီး နှစ်စဉ် ထပ်မံသက်တမ်းတိုးရန်မလိုဟု ပြဋ္ဌာန်းပါတယ်။ ၁၉၄၇-၁၉၄၈ ခုနှစ်ကာလများတွင် နိုင်ငံတကာဆက်ဆံရေး ကိစ္စရပ်များမှာ ယခုကဲ့သို့အဆက်အသွယ်များပြားချုပ်ထွေးမှု ဖြစ်ပါတယ်။ နိဂုံးအနေဖြင့် အထူးသဖြင့် ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကိုယ်တိုင် အလေးထားပြီးလမ်းညွှန်ပေးလျက်ရှိတဲ့ အခုလက်ရှိအနေအထားကို ရောက်ရှိပြီး တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်လျက်ရှိပါတယ်။ လွှတ်တော်သက်တမ်း ရင့်လာပြီး ဝန်ထမ်းများ အရည်အသွေးမြင့်မားလာချိန်တွင် စိတ်ပါဝင်စားပြီး အတွေ့အကြုံရှိသော ကော်မတီဝင် များ ဦးဆောင်နေပါက လက်ရှိမဆောင်ရွက်နိုင်သည့် နောင်အချိန်တွင် တိုးတက်ဆောင်ရွက်နိုင်မည့် ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီတစ်ရပ်ဖြစ်ကြောင်း လေ့လာတင်ပြရင်း နိဂုံးချုပ် လိုက်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ အခုလိုဆွေးနွေးပေးတဲ့ မုဒုံမဲဆန္ဒနယ်က ဦးမြသိန်းကို ကျေးဇူး တင်ပါတယ်။ အစီရင်ခံစာပါ အချက်အလက်များကို အစီရင်ခံစာ တင်ပြစဉ်က အကုန်လုံးလည်း ပြည့်ပြည့်စုံစုံ ဖတ်သွားနိုင်တာမရှိပါဘူး။ သို့သော်လည်း ကျန်တဲ့အစိတ်အပိုင်းများကို အခုလို ဖြည့်စွက်ပြီးတော့ ဆွေးနွေးပေးတဲ့အတွက် ကျေးဇူးတင်ကြောင်း ပြောလိုခြင်းဖြစ်ပါတယ်။

**ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏အတည်ပြုချက်ရယူခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတကာဆက်ဆံရေး ကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက်ရယူခြင်း များကို ဆောင်ရွက်မှာဖြစ်ပါတယ်။ အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးလှမြင့်ဦး(ဥက္ကဋ္ဌ၊ နိုင်ငံတကာဆက်ဆံရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ ခင်ဗျား။ ကျွန်တော်တို့ နိုင်ငံတကာဆက်ဆံရေး ကော်မတီရဲ့အစီရင်ခံစာကို နိုင်ငံတကာဆက်ဆံရေး ကော်မတီမှာ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလကနေ ၂၀၁၂ ခုနှစ်၊ ဇူလိုင်လအထိ တစ်နှစ်နီးပါး တာဝန်ထမ်းဆောင် ခဲ့တဲ့ ဦးမြသိန်းက စိတ်ဝင်တစားဖတ်ကြားပြီးတော့ ရှင်းလင်း ဆွေးနွေးသွားတဲ့

အတွက်ကြောင့် ကျေးဇူး တင်ကြောင်း ဦးမြသိန်းကို ကျေးဇူးတင်ကြောင်း ပြောလိုပါတယ်။ တစ်ဆက်တည်းမှာပဲ ပြည်သူ့ လွှတ်တော် နိုင်ငံတကာဆက်ဆံရေး ကော်မတီရဲ့ အစီရင်ခံစာကို ပြည်သူ့လွှတ်တော်က သဘောတူလက်ခံရန် အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြ အပ်ပါတယ် ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုကိုအတည်ပြုနိုင်ဖို့ လွှတ်တော်ရဲ့ သဘောထားကို ရယူပါမယ်။ နိုင်ငံတကာဆက်ဆံရေးကော်မတီရဲ့ အစီရင်ခံစာကို အတည်ပြုမှတ်တမ်း တင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် နိုင်ငံတကာဆက်ဆံရေး ကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့သော ဘက်စုံပို့ဆောင်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လက်ခံရရှိကြောင်းနှင့် ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေး၍ ပြင်ဆင်ချက်မရှိအတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ထားသော ဘက်စုံပို့ဆောင်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ပြင်ဆင်ချက်မရှိအတည်ပြုပြီးနောက် ၁၄-၁၂-၂၀၁၅ ရက်နေ့မှာ ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့ လာပါတယ်။ ဘက်စုံပို့ဆောင်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လွှတ်တော်နှစ်ရပ်လုံးက သဘောတူခြင်းဖြစ်၍ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟုမှတ်ယူပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၂ နည်းဥပဒေခွဲ(ဂ)နှင့် (ဃ)တို့အရ ဆက်လက်ဆောင်ရွက် သွားမှာဖြစ်ကြောင်း ကြေညာပါတယ်။

**မူကြမ်း**

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့ တင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့တဲ့ ရာဇဝတ်ကျင့်ထုံးဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ ဒီဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့ပြီး ပြန်လည်ပေးပို့လာတဲ့အတွက် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့ဖြစ်သော ၂၄-၁၁-၂၀၁၅ ရက်နေ့တွင် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၃ နည်းဥပဒေခွဲ(ဃ)အရ လွှတ်တော်သို့အသိပေး၍ ပြင်ဆင်ချက်မိတ္တူများကိုလည်း ကိုယ်စားလှယ်များထံ ဖြန့်ဝေပေးခဲ့ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအပေါ် ဥပဒေကြမ်းကော်မတီက ပြန်လည်စိစစ်ပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် (၄၁)ချက်ကို သဘောတူသင့်ကြောင်းနှင့် (၂၈)ချက်နဲ့ စပ်လျဉ်းပြီး သဘောကွဲလွဲကြောင်း တင်ပြလာပါတယ်။ ရာဇဝတ်ကျင့်ထုံး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် သဘောတူသင့်သည့် (၄၁)ချက်ကို တင်ပြဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်အနေဖြင့် ရာဇဝတ် ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက် များအပေါ် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီမှ သဘောတူခဲ့သည့် အချက်(၄၁)ချက်ကို လွှတ်တော်သို့ တင်ပြသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၂ အပိုဒ်ခွဲ(ခ) ကို ပယ်ဖျက်ခြင်း၊ အပိုဒ် ၂ အပိုဒ်ခွဲ(ခ)ရှိ ပုဒ်မ ၄ ပုဒ်မခွဲ(င)၊ အပိုဒ် ၄ ရှိ ပုဒ်မ ၂၈ ပုဒ်မခွဲ(က)၊ (ခ)၊ (ဂ)၊ (ဃ)၊ အပိုဒ် ၆ ၊ အပိုဒ် ၇၊ အပိုဒ် ၈၊ အပိုဒ် ၁၂၊ အပိုဒ် ၁၃၊ ပြည်သူ့လွှတ်တော်၏အတည်ပြုချက် အပိုဒ် ၁၆ ရှိ ပုဒ်မ ၂၆၀ စာချိုး၊ အပိုဒ်ခွဲ(က)နှင့် အပိုဒ်ခွဲ(ခ)တို့ကို ပယ်ဖျက်ခြင်း၊ အပိုဒ် ၁၆၊ အပိုဒ် ၁၇၊ အပိုဒ် ၁၉ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၂၀ အပိုဒ်ခွဲ(ခ)နှင့် (ဂ)၊ အပိုဒ် ၂၁၊ အပိုဒ် ၂၂၊ အပိုဒ် ၂၃၊ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၂၄၊ အပိုဒ် ၂၅၊ အပိုဒ် ၂၆၊ အပိုဒ် ၂၇ အပိုဒ်ခွဲ(က) တို့ကို ပယ်ဖျက်ခြင်း၊ အပိုဒ် ၂၄ ခြေဆင်း၊ အပိုဒ်ခွဲ(က)၊ (ခ)နှင့် (ဂ)၊ အပိုဒ် ၂၅၊ အပိုဒ် ၂၇၊ ပြည်သူ့လွှတ်တော်၏အတည်ပြုချက် အပိုဒ် ၃၁ ကို ပယ်ဖျက်ခြင်း၊ အပိုဒ် ၂၈ အပိုဒ်ခွဲ(က)နှင့်(ခ)၊

ပြည်သူ့လွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၃၃ ကို ပယ်ဖျက်ခြင်း၊ အပိုဒ် ၃၁၊ အပိုဒ် ၃၂၊ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၃၇ ကို ပယ်ဖျက်ခြင်း၊ အပိုဒ် ၃၄ ခြေဆင်း၊ အပိုဒ် ၃၄ အပိုဒ်ခွဲ(ခ)နှင့်(ဂ)၊ အသစ်ဖြည့်စွက်ချက် အပိုဒ် ၃၄ အပိုဒ်ခွဲ(ဃ)၊ အပိုဒ် ၃၄ အပိုဒ်ခွဲ(င)၊ (စ)၊ (ဆ)နှင့် (ဇ)၊ အသစ်ဖြည့်စွက်ချက် အပိုဒ် ၃၄ အပိုဒ်ခွဲ(ဈ)၊ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၄၆ ကိုပယ်ဖျက်ခြင်း၊ အပိုဒ် ၃၄ အပိုဒ်ခွဲ(ည)နှင့်(ဋ)၊ အသစ်ဖြည့်စွက်ချက် အပိုဒ် ၃၄ အပိုဒ်ခွဲ(ဌ)၊ (ဍ)၊ (ဎ)နှင့် (ဏ)၊ အသစ်ဖြည့်စွက်ချက် အပိုဒ် ၃၄ အပိုဒ်ခွဲ(တ)နှင့် အပိုဒ် ၃၄ အပိုဒ်ခွဲ(ထ)ဖြစ်ပါတယ်။ အထက်ဖော်ပြပါ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း ပြည်သူ့လွှတ်တော်မှ လက်ခံသည့် အတည်ပြုချက် (၄၁)ချက်အား လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်း အပ်ပါတယ် ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက တင်ပြသွားတဲ့ ပြင်ဆင်တဲ့အချက် (၄၁)ချက်ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီက တင်ပြသွားတဲ့ အချက်(၄၁)ချက်ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောတူကြောင်းနှင့် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအနက် သဘောကွဲလွဲချက် (၂၈) ချက်ကို တင်ပြဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောမတူဘဲ ပြည်သူ့ လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ထပ်မံပြင်ဆင်ရန် တင်ပြချက် (၂၈)ချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။ အပိုဒ် ၂ အပိုဒ်ခွဲ(က)၊ အပိုဒ် ၂ အပိုဒ်ခွဲ(ခ)ရှိ

အသစ်ဖြည့်စွက်ချက်ပုဒ်မ ၄ ပုဒ်မခွဲ(ဘ)၊ အပိုဒ် ၂ အပိုဒ်ခွဲ(ခ)ရှိ ပုဒ်မ ၄ ပုဒ်မခွဲ(ယ)၊ အပိုဒ် ၄ ခြေဆင်းနှင့် ပြင်ဆင်သည့် ပုဒ်မ ၂၈ ခြေဆင်း၊ အပိုဒ် ၅ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ဃ)၊ အပိုဒ် ၆ ရှိ ပုဒ်မ ၄၁၇ ပုဒ်မခွဲ(ခ) ပုဒ်မခွဲငယ်(၁)နှင့်(၃) အပိုဒ် ၅ အပိုဒ်ခွဲ(ခ) အမျိုးသားလွှတ်တော်၏ အသစ်ဖြည့်စွက်ချက် အပိုဒ် ၅ အပိုဒ်ခွဲ(င)ကို ပယ်ဖျက်ခြင်း၊ အပိုဒ် ၁၀ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဂ)နှင့် အပိုဒ်ခွဲ(ဃ)၊ အပိုဒ် ၁၀ ကို အပိုဒ် ၅ အပိုဒ်ခွဲ(ဂ)အဖြစ် ပြင်ဆင်ခြင်း၊ အပိုဒ် ၁၁ အသစ်ဖြည့်စွက်ချက် အပိုဒ် ၁၃၊ အပိုဒ် ၁၆၊ အပိုဒ် ၂၁ အပိုဒ်ခွဲ(က)၊ အပိုဒ် ၂၉ အပိုဒ်ခွဲ(ခ) ခြေဆင်း၊ အပိုဒ် ၃၀၊ အပိုဒ် ၃၁၊ အပိုဒ် ၃၅ အပိုဒ်ခွဲ(က)၊ အသစ် ဖြည့်စွက်ချက်များဖြစ်တဲ့ အပိုဒ် ၃၅ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲ(ဠ)၊ အပိုဒ်ခွဲ(န)နှင့် အပိုဒ်ခွဲ(ပ)၊ အပိုဒ် ၃၆ တို့ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များအတိုင်း သဘောမတူဘဲ ပြည်သူ့ လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ထပ်မံပြင်ဆင်ရန်တင်ပြချက် (၂၈)ချက်အား လွှတ်တော်မှ အတည်ပြု ပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်(၂၈)ချက်ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း သဘောမတူကြောင်း ဥပဒေကြမ်းကော်မတီ၏ တင်ပြ ချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး သဘောကွဲလွဲချက် အချက်(၂၈) ချက်အား အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း သဘောမတူကြောင်း တင်ပြခြင်းကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ်သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စု လွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်(၂၈) ချက်ကို လွှတ်တော်က သဘောမတူကြောင်း အတည်ပြုပြီး ဖြစ်ပါတယ်။ ဒါကြောင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က) အရ ထိုသို့သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း အဆိုတင်သွင်းရန်ဖြစ်တဲ့အတွက် အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ညို(ပေါက်မဲဆန္ဒနယ်)။** ။ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ပေါက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ညို ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲသည့် အချက်(၂၈)ချက်တို့ကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်သင့်ပါကြောင်း လေးစားစွာ အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**ဦးစိုးရယ်(ဒီမောဆိုမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ နှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲတဲ့ အချက်(၂၈)ချက်ကို ပြည်ထောင်စုလွှတ်တော်မှာ ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ပေါက်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ညိုရဲ့ အဆိုတင်သွင်းခြင်းအား ကျွန်တော် ဦးစိုးရယ်၊ ဒီမောဆိုမဲဆန္ဒနယ်က လေးစားစွာဖြင့် ထောက်ခံတင်ပြအပ်ပါတယ် ခင်ဗျား။

**မူကြမ်း**

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အခုတင်ပြခဲ့တဲ့ (၂၈)ချက်နှင့် ပတ်သက်၍ သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန်တင်ပြသင့်ကြောင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ရဲ့ သဘောထားကိုရယူပါမယ်။ ဒီအဆိုကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်၌ ပြန်လည်ဆွေးနွေးခဲ့ရာတွင် သဘောကွဲလွဲသည့် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက် ၂၈ ချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)နှင့်(ခ)တို့အရ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ကြေညာပါတယ်။

## ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၁)ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (၂၁)ရက်မြောက်နေ့ကို ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ရက်(တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက် ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေး အောင်မြင်စွာပြီးမြောက်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၄း၂၅**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီရှင်။

**အခမ်းအနားမှူး။** ။ ကိုယ်စားလှယ်များအားလုံးထွက်ခွာနိုင်ပါပြီရှင်။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ ကို ၁၄း၂၅ နာရီ အချိန်တွင်ရပ်နားပါသည်။]

**မူကြမ်း**